Indiana Department of Education

လေးစားရပါသော မသန်စွမ်းကျောင်းသားများ၏ မိဘများ/အုပ်ထိန်းသူများထံသို့၊

အမေရိကန်ပြည်ထောင်စု ပညာရေး ဌာနသည် အထူးပညာရေး လုပ်ငန်းစဉ်တစ်လျှောက် မိဘများ၏ပူးပေါင်းပါဝင်မှုကို ကျောင်းများက မည်သို့ထိရောက်စွာ ပံ့ပိုးကူညီသည်ကို စောင့်ကြည့်ရမည်ဟု Indiana Department of Education (IDOE, Indiana ပညာရေးဌာန) ၏ အထူးပညာရေးရုံးအား သတ်မှတ်ထားပါသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံရရှိထားသည့် ကျောင်းသားတစ်ယောက်၏ မိဘ/မိသားစုဝင်အနေဖြင့် ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုပေးရန် အရေးကြီးပါသည်။

မေးခွန်းကိုးခုပါ စစ်တမ်းအတိုချုပ်တွင် သင့်ကလေး လက်ခံရရှိသည့် အထူးပညာရေး ဝန်ဆောင်မှုများ၊ ကျောင်းဝန်ထမ်းများနှင့်ပတ်သက်ပြီး သင်၏အတွေ့အကြုံကို အဆင့်သတ်မှတ်ပေးရန် တောင်းဆိုထားသည်။ စစ်တမ်းအဖြေအားလုံးကို လျှို့ဝှက်ထားပြီး တစ်ဦးချင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားမည် မဟုတ်ပါ။ သင့်တွင် အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံရရှိသည့် ကလေးတစ်ယောက်မကရှိလျှင် နှစ်စဉ် ကိစ္စရပ်ဆွေးနွေးမှု အစည်းအဝေးအပြီးတွင် ကလေးတစ်ယောက်လျှင် စစ်တမ်းတစ်ခု ဖြေဆိုပေးရန် သင့်အား တောင်းဆိုပါမည်။

စစ်တမ်းကို ကျေးဇူးပြု၍ တတ်နိုင်သမျှ အမြန်ဆုံး ဖြေဆိုပေးပါ။

စစ်တမ်းကို ဖြေဆိုရန် ရွေးချယ်စရာနှစ်ခု ရှိပါသည်-

1. **အွန်လိုင်း** – ဝက်ဘ်ဆိုဒ်တွင် ဖြေဆိုရမည့် စစ်တမ်းကို ဤနေရာတွင် ဖြည့်စွက်ပေးပါ- https://form.jotform.com/221026358495963.

   ကွန်ပျူတာ သို့မဟုတ် အင်တာနက် အသုံးပြု၍မရလျှင် ကျောင်းတွင် စစ်တမ်းဖြေဆိုနိုင်ရန်အတွက် ကျောင်းက သင့်ကို စီစဉ်ပေးပါမည်။

2. **စာရွက်/ဖုန်း** – စာရွက်ဖြင့် ဖြေဆိုခွင့်ကို တောင်းဆိုရန်၊ ဖုန်းဖြင့် စစ်တမ်းဖြေရန် သို့မဟုတ် ပြင်ဆင်ချိန်ညှိပေးမှုကို တောင်းဆိုရန် အထူးပညာရေးရုံး specialeducation@doe.in.gov သို့မဟုတ် 317-232-0570 သို့ ဆက်သွယ်ပါ။

သင့်တွင် မေးစရာတစ်ခုခုရှိပါက အထူးပညာရေးရုံး specialeducation@doe.in.gov သို့မဟုတ် 317-232-0570 သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။

အချိန်ပေး၍ စစ်တမ်းဖြေဆိုပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

Indiana ပညာရေး ဌာန
အထူးပညာရေးရုံး